
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

## ယေရိခေါမြို့ရိုး 3.06

## ယောရှုမှတ်စာ ၆

ယောရှုဟာ ဣသရေလလူမျိုးတွေကို ကတိတော်မြေဆီဦးဆောင်သွားရပါပြီ။ ယေရိခေါမြို့ကို သူလျှိုနှစ်ယောက်စေလွှတ်ပြီး စူးစမ်းစေခဲ့ပါတယ်။ ယေရိခေါမြို့မှာနေတဲ့ ရာခပ်ဆိုတဲ့အမျိုးသမီးရဲ့အိမ်မှာ သူလျှိုတွေတည်းနေခဲ့တယ်။ ရှင်ဘုရင်ရဲ့လက်ကနေ သူတို့ကို ဖွက်ထားပေးခဲ့တယ်။ အဲဒီလူနှစ်ယောက်အကြောင်းကို ဘုရင်ကမေးတဲ့အခါ၊ သူတို့တွေမြို့ကနေ ထွက်သွားကြပြီလို့ ရာခပ်က ပြန်ပြောခဲ့တယ်။ သူတို့ဟာ ဘုရားသခင်ပြောတဲ့အတိုင်းလုပ်နေကြတယ်လို့ ရာခပ်ယုံကြည်တဲ့အတွက် သူတို့အသက်ကိုကယ်ခဲ့တယ်။ ယေရိခေါမြို့ကို သူတို့တွေလာသိမ်းယူတဲ့အခါ သူမနဲ့သူမရဲ့မိသားစုကိုလည်း ပြန်ကယ်တင်ဖို့ သူတို့ကို သူမတောင်းဆိုပါတယ်။ သူလျှိုတွေကလည်း သဘောတူကတိပေးပါတယ်။

သူလျှိုတွေဟာ ယောရှုဆီကိုပြန်လာကြတယ်။ သူတို့အားလုံးဟာ ယေရိခေါမြို့အနားက ကန္တာရထဲမှာစခန်းချနေကြတယ်။ "သတိရှိ ပါ" လို့ ဘုရားသခင်က ယောရှုကိုပြောတယ်။ "သင့်ကိုယေရိခေါမြို့ပေးပြီးပြီ။ ရှင်ဘုရင်နဲ့သူ့စစ်သားတွေအားလုံးကိုလည်း ငါပေးပြီ။ အဲဒါကြောင့် ဒီလိုလုပ်ပါ။" လို့ ဘုရားသခင်ကပြောတယ်။ ယောရှုနဲ့သူ့စစ်သားတွေအနေနဲ့ မြို့ကိုတစ်ရက်မှာ တစ်ပတ်ပတ်ဖို့ ဘုရားသခင်က ပြောတယ်။ တစ်ရက်တစ်ပတ်အဖြစ် ခြောက်ရက်ပတ်လုံးပတ်ရမယ်။ ယဇ်ပုရောဟိတ်ခုနှစ်ယောက်၊ ဘာသာရေး ခေါင်းဆောင်တွေဟာ ပဋိညာဉ်သေတ္တာရှေ့မှာ တံပိုးခုနှစ်လုံးကိုမှုတ်ပြီးသွားရမယ်။ (ပဋိညာဉ်သေတ္တာဆိုတာ ဘုရာသခင်ပေးထားတဲ့ ပညတ်တော်ကျောက်ပြားထည့်ထားတဲ့အထူးသေတ္တာဖြစ်တယ်။ လူတွေဟာ ကန္တာရထဲလှည့်လည်သွားလာနေချိန်မှာ ဘုရားသခင်က မောရှေအားဖြင့်ပေးတဲ့ပညတ်တော်တွေဖြစ်တယ်။ ဣသရေလလူမျိုးတွေအနေနဲ့ ဘုရားသခင်နဲ့နီးကပ်စွာအသက်ရှင်ဖို့အတွက် ရေးထားတဲ့ပညတ်တော်တွေဖြစ်တယ်။

ခုနှစ်ရက်မြောက်နေ့မှာ ယဇ်ပုရောဟိတ်တွေနဲ့စစ်သားတွေဟာ ယေရိခေါမြို့ကို ခုနှစ်ပတ်ပတ်ရမယ်။ အဲဒီနေ့မှာ ယဇ်ပုရောဟိတ်တွေ ဟာ တံပိုးတွေကိုမှုတ်ပြီး၊ မြို့ကိုပတ်ကြသူတွေဟာ အော်ဟစ်ကြွေးကြော်သံပြုရမယ်။ ကြွေးကြော်သံအဆုံးမှာ အသံရှည်ဆွဲပြီး အဆုံးသတ်ရမယ်။ အဲဒီအသံအဆုံးမှာ လူတွေဟာ အကျယ်ဆုံးအော်ဟစ်ပြီး ကြွေးကြော်သံပြုရမယ်။

ယောရှုဟာ ယဇ်ပုရောဟိတ်တွေကိုခေါ် ပြီး သူတို့လုပ်ဆောင်ရမယ့်အရာကို ပြောပြတယ်။ ပဋိညာဉ်သေတ္တာကိုသယ်ကြပြီး၊ တံပိုးခရာ ခုနှစ်လုံးနဲ့အတူရှေ့ကနေ ဦးဆောင်ရမယ်။" "မြို့ကိုပတ်ရမယ်" လို့လူတွေကို ယောရှုကပြောတယ်။ ဘုရားသခင်ပြောတဲ့အတိုင်း ဖြစ်လာမယ်။ ယောရှုပြောတဲ့အတိုင်း လူတွေဟာ ချီတက်ကြပြီး၊ သူတို့ရှေ့မှာ ယဇ်ပုရောဟိတ်တွေဟာ တံပိုးခရာခုနှစ်လုံးကို ပဋိညာဉ် သေတ္တာရှေ့ကနေ ဦးဆောင်ပြီးသွားကြတယ်။ "ခုနှစ်ရက်မြောက်နေ့မှာ ကြွေးကြော်ကြပါလို့ငါမပြောမချင်း၊ စကားမပြော၊ အသံမပြု၊ တီးတိုးသံမပြုဘဲ၊ ကြွေးကြော်ပါလို့အော်သံကြားချိန်မှာ အကျယ်ဆုံးအသံနဲ့ကြွေးကြော်ကြပါ" လို့ သူတို့ကို ယောရှုက ပြောတယ်။

အချိန်ကျတဲ့အခါ သူတို့တွေအားလုံး မြို့ပတ်ချီတက်ကြတယ်။ ယဇ်ပုရောဟိတ်တွေဟာ ပဋိညာဉ်သေတ္တာကိုထမ်းကြတယ်။ သူတို့ရဲ့ တံပိုးခရာတွေကိုမှုတ်ကြပေမယ့် စစ်သားတွေဟာ အသံတိတ်ချီတက်ကြရတယ်။ ဒုတိယနေ့မှာလည်း ဆက်ချီတက်ကြတယ်။ ခြောက်ရက်ပတ်လုံးချီတက်ကြရာမှာ တံပိုးခရာကိုမှုတ်ကြပါတယ်။ ခုနှစ်ရက်မြောက်နေ့ရောက်လာတဲ့အခါ၊ ချီတက်တံပိုးခရာ မှုတ်ခြင်းကို ဆက်လုပ်ကြတယ်။ အဲဒီနေ့မှာပဲ လူတွေဟာ ခုနှစ်ပတ်မြောက်အောင် လှည့်ပတ်ကြပါတယ်။ ခုနှစ်ပတ်မြောက်ပတ်ပြီးချိန် မှာတော့ ယဇ်ပုရောဟိတ်တွေဟာ တံပိုးခရာကို ကျယ်စွာမှုတ်ကြပြီး၊ "ကြွေးကြော်ကြပါ၊ ဘုရားသခင်က မြို့ကို သင်တို့အတွက် ပေးပြီ။ အားလုံးဟာ လုံးဝပြိုကျပျက်စီးလိမ့်မယ်။ ဘုရားသခင်ကပဲ လုပ်မှာဖြစ်တယ်။ ရာခပ်နဲ့သူ့မိသားစုကိုပဲကယ်တင်ရမယ်။ သူတို့ဟာ သူလျှိုတွေကို ကယ်ခဲ့လို့သူတို့ကိုလည်း ပြန်ကယ်တင်ရမယ်" လို့ လူတွေကို ယောရှုကပြောတယ်။

တူရိယာတီးမှုတ်သံကို ကျယ်လောင်စွာ စစ်သားတွေကြားရတယ်။ သူတို့လည်း အကျယ်ဆုံးအသံနဲ့ ကြွေးကြော်ကြတယ်။ ချက်ချင်းပဲ ယေရိခေါမြို့ရိုးကြီး လုံးဝပြိုကျလာပါတယ်။ ဣသရေလလူမျိုးတွေဟာ မြို့ထဲကိုဝင်ပြီးသိမ်းယူကြပါတော့တယ်။ ရှိသမျှအရာအားလုံး ကိုဖျက်ဆီးပစ်ကြတယ်။ "ရာခပ်နဲ့သူ့မိသားစုကို သွားရောက်ကယ်တင်ပါ။ ဣသရေလလူမျိုးတွေ စခန်းချတဲ့နေရာဆီကို လုံခြုံစွာခေါ်လာပါ" လို့ သူလျှိုနှစ်ယောက်ကို ယောရှုကပြောတယ်။

ရာခပ် ကယ်တင်ခံရတယ်။ သူ့မိသားစုလည်း ကယ်တင်ခံရတယ်။ သူတို့ဟာ ဣသရေလလူမျိုးတွေနဲ့အတူနေထိုင်ခွင့်ရကြပြီး၊ ဘုရားသခင်ရဲ့လူစုအဝင်ဖြစ်လာကြတယ်။

## ယေရိခေါမြို့ရိုး - ဆရာလမ်းညွှန် 3.06

### ယောရှုမှတ်စာ ၆   အဓိကအချက်များ

၁) ယေရိခေါမြို့အကြောင်းစူးစမ်းဖို့ သူလျှိုနှစ်ယောက်ကို ယောရှုစေလွှတ်ခဲ့တယ်။ သူတို့ဟာ ရာခပ်ဆိုတဲ့အမျိုးသမီးနဲ့အတူရှိနေခဲ့တယ်။ ဘုရင်က သူတို့ကိုလိုက်ရှာတဲ့အခါ သူမက ဖွက်ထားပေးတယ်။ ယေရိခေါမြို့ကိုလာသိမ်းတဲ့အချိန်မှာ သူမနဲ့သူမရဲ့မိသားစုကို ကယ်တင်ပေးဖို့သူတို့ ကတိပေးခဲ့တယ်။

၂) သူ့ရဲ့စစ်သားတွေအနေနဲ့ မြို့ကိုခြောက်ပတ်ပတ်ကြဖို့ ယောရှုကိုဘုရားသခင်ကပြောခဲ့တယ်။ မြို့ပတ်ရင်း ပဋိညာဉ်သေတ္တာကို သယ်ကာ တံပိုးခရာမှုတ်ဖို့ ယဇ်ပုရောဟိတ်တွေကို ဘုရားသခင်က မှာကြားခဲ့တယ်။

၃) ပဋိညာဉ်သေတ္တာဆိုတာ သူတို့စောင့်ရှောက်ဖို့ဘုရားသခင်ပေးတဲ့ပညတ်တော်တွေရေးထားတဲ့ကျောက်ပြားထည့်ထားတဲ့အထူးသေတ္တာဖြစ်တယ်။ ဘုရားသခင်နဲ့နီးဖို့အတွက် ဣသရေလလူမျိုးတွေစောင့်ရှောက်ရတဲ့ ပညတ်တရားတွေဖြစ်တယ်။

၄) ခုနှစ်ရက်မြောက်နေ့မှာ ယေရိခေါမြို့ကို အားလုံးဟာ ခုနစ်ပတ်ပတ်ကြဖို့ဖြစ်တယ်။ ယဇ်ပုရောဟိတ်တွေဟာ တံပိုးခရာမှုတ်ကြပြီး၊ ယောရှုက ကြွေးကြော်အော်ဟစ်ဖို့ ပြောပါတယ်။

၅) အားလုံးအသံကုန်ကြွေးကြော်ကြတဲ့အခါ ယေရိခေါမြို့ရိုးဟာ အကုန်အစင်ပြိုကျသွားတယ်။ လူတိုင်း ယေရိခေါမြို့ထဲကို အလျင်အမြန်ဝင်ပြီး လုယူဖျက်ဆီးပစ်ကြတယ်။ ဒါပေမယ့် သူလျှိုတွေကို ကူညီခဲ့တဲ့ ရာခပ်ဆိုတဲ့အမျိုးသမီးနဲ့သူ့ရဲ့မိသားစုကိုတော့ ကယ်တင်ခဲ့ပါတယ်။

### မေးခွန်းများ

၁) သူလျှိုတွေအတွက် ရာခပ်က ဘာလုပ်ပေးခဲ့သလဲ?

၂) သူ့ရဲ့စစ်သားတွေနဲ့ယဇ်ပုရောဟိတ်တွေကို ဘာလုပ်ဖို့ ယောရှုကိုဘုရားသခင်က ပြောသလဲ?

၃) ပဋိညာဉ်သေတ္တာဆိုတာဘာကြီးလဲ?

၄) ခုနှစ်ရက်မြောက်နေ့မှာ စစ်သားတွေနဲ့ယဇ်ပုရောဟိတ်တွေ ဘာလုပ်ရမလဲ?

၅) သူတို့ကိုကြွေးကြော်ကြ လို့ယောရှုပြောတဲ့အခါ ဘာဆက်ဖြစ်သွားလဲ?

၆) ရာခပ် ဘာဆက်ဖြစ်သွားလဲ?

### အဖြေများ

၁) ရာခပ်က သူလျှိုတွေကို ဘုရင်မတွေ့အောင် ဖွက်ထားပေးပါတယ်။

၂) စစ်သားတွေနဲ့ယဇ်ပုရောဟိတ်တွေအနေနဲ့မြို့ကိုခြောက်ပတ်ပတ်ဖို့ ယောရှုကပြောပါတယ်။

၃) ပဋိညာဉ်သေတ္တာဆိုတာ သူတို့စောင့်ရှောက်ဖို့ဘုရားသခင်ပေးထားတဲ့ပညတ်တွေကို ရေးထားတဲ့ကျောက်ပြား ထည့်ထားတဲ့ အထူးသေတ္တာဖြစ်တယ်။

၄) ခုနှစ်ရက်မြောက်နေ့မှာ ယဇ်ပုရောဟိတ်နဲ့စစ်သားတွေဟာ မြို့ကိုခုနှစ်ကြိမ်လှည့်ပတ်ရပါတယ်။

၅) လူတွေကြွေးကြော်အော်ဟစ်တဲ့အခါ ယေရိခေါမြို့ရိုးကြီး လုံးဝပြိုကျသွားပါတော့တယ်။

၆) ရာခပ်နဲ့သူ့မိသားစုတွေ ကယ်တင်ခြင်းခံရပါတယ်။



Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org